
ရိုးချစ်
ကြေးစား

# အပိုင်း(၁)

သိုင်းလောကသားများ သည် စည်းကမ်းများကို လိုက်နာကြရသည် ။ ထိုသို့ စည်းကမ်းဟူသည် ကား "အခြားတော့ မဟုတ်ပေ" အဖြူရောင် သိုင်းသမားများ သည် သူတို့ ၏ အလုပ်က အနက်ရောင် သိုင်းသမားများ ဆိုးသွမ်းသော သိုင်းလောကသားများကို အမြစ်ပြတ် ချေမှုန်းခြင်း ဟူသော စည်းကမ်းဖြစ်သည် ။

အနက်ရောင် သိုင်းသမားများ ဘာကြောင့် ဆိုးသွမ်းသဖြင့် အဖြူရောင် သိုင်းသမားများ ချေမှုန်းကြသနည်း။

"မေးဖွယ်ရှိသည် ။ လောဘကြောင့် အနက်ရောင် သိုင်းသမား ဖြစ်သွားကြသလို" အပေါင်းအသင်း မှားခြင်းကြောင့် လည်း လမ်းလွှဲလိုက်မိသူများ လည်း ရှိနေသည် ။

ထို့ကြောင့် အဖြူအနက် ငြိမ်းချမ်းမှုမရှိပဲ သွေးချောင်းစီး တိုက်ပွဲများ ဖြစ်နေရသည် ဟု ဆိုရပေမည်။

ထိုအနက်ရောင် သိုင်းလောကတွင် လည်း သူ့စည်းနှင့် သူ ရှိပေသည် ။ ယင်းသည် ကား အဖြူရောင် သိုင်းသမားများ စည်းလုံးမှုရှိသလို အနက်ရောင် အဖွဲ့များ လည်း အချင်းချင်း စည်းလုံးကြခြင်း ဖြစ်သည် ။ စည်းလုံးကြပုံက အဖြူရောင် သိုင်းသမားများ ၏ တိုက်ခိုက်ခြင်း ခံရပါ

က ကျန်သော အနက်ရောင် သိုင်းသမား အဖွဲ့အစည်းများက ကူညီပေး ရခြင်း ဖြစ်သည် ။

ထို့ကြောင့် အဖြူရောင် သိုင်းသမားနှင့် အနက်ရောင် သိုင်းသမားများကို အပြီးသတ် ချေမှုန်း တိုက်ခိုက်နိုင်ခြင်း မရှိပေ။

ထိုအင်အားကြီးသော အဖွဲ့နှစ်ခုကြားသို့ ကြားဝင်လာသည့် လူ တစ်ယောက်ကြောင့် သိုင်းလောကကြီးသည် ...

"ယား"

"ဟိတ်"

"ဝှစ်"

"ထန်"

"ချွင်"

အရိုးထဲထိ အေးစိမ့်နေသော ဆောင်းည၏ သန်းခေါင်ချိန်၌ တိုက်ခိုက်သံများ "အော်ဟစ်မာန်တင်းသံ တချို့က" ကျန်းကွေ့၏ ဂေဟာထဲမှ ထွက်ပေါ်၍ လာသည် ။

ကျန်းကွေ့အိမ်သည် ကား ရှန်ဟိုင်းမြို့စွန်ရှိ ခြံကျယ်ကြီးတွင် တည်ရှိသည် ။ ချမ်းသာ ကြွယ်ဝသော ကျန်းကွေ့လုံသည် ယနေ့ ဆောင်းရာသီ တစ်ညက သူ့ဘဝကို မအေးသည့် ပြင် ပူလောင်မှု သောကများက ဖျက်ဆီး သွားခဲ့တော့သည် ။

အနက်ရောင် လူဆယ်ယောက်၏ တိုက်ခိုက်ခြင်းကြောင့် ကျန်းကွေ့ ဂေဟာရှိ အစောင့်သိုင်းသမား ဆယ့်ငါးယောက် လဲကျ သေဆုံးသွားသည် ။

ဟော့ကောင် "ကျန်းကွေ့" မင်းပိုင်ဆိုင်ထားတဲ့ ပစ္စည်းတွေ ဘယ်မှာ ထားလဲ ပြောစမ်းကွာ အနက်ရောင်ဝတ်စုံနှင့် အနီရောင်မျက်နှာဖုံး ဝတ်ဆင်ထားသော လူသုံးယောက်ထဲမှ အဖြူရောင် ဝတ်စုံမျက်နှာဖုံးနှင့် အလယ်ကလူသည် ဓားဦးချွန်နှင့် ကျန်းကွေ့ လည်မျိုအား ဓားဖျားဝင်ရုံမျှ ထိုးစိုက်ပြီး မေးလိုက်သည် ။

"မင်းတို့ သတ်ချင်ရင် သတ်လိုက် မပြောဘူးကွ ကျန်းကွေ့ ငြင်းလိုက်သည် ။ တော်တော် ခေါင်းမာတဲ့ ကောင်"

"ဝှီး"

"ဖွက်"

"အား"

အဖြူရောင်ဝတ်စုံနှင့် လူ၏ ဓားချက်သည် ကွေ့ချန်း၏ ဘယ်ဘက်ပေါင်သို့ ထိုးစိုက်လိုက်ခြင်း ဖြစ်သည် ။

ပြောစမ်းကွာ ... အဖြူရောင်ဝတ်စုံနှင့် လူ မေးလိုက်ပြန်သည် ။

မပြောဘူးကွာ ... ကျန်းကွေ့ ငြင်းမြဲငြင်းလိုက်သည် ။ မင်းမပြောလည်း ရတယ်။

ဟော့ကောင်တွေ သူ့မိန်းမကို ခေါ်ခဲ့စမ်းကွာ။ အနက်ရောင် လူနှစ်ယောက်သည် အသက်သုံးဆယ်မျှ ရှိသော မိန်းမတစ်ယောက်ကို ခေါ်လာသည် ။

"လွှတ်" ကျွန်မကို လွှတ်စမ်း "ယင်းအမျိုးသမီးမှာ ကိုယ်ဝန် အရင့်အမာကြီးနှင့် ဖြစ်သောကြောင့် ဗိုက်ကြီး တကားကားနှင့် အော်ဟစ်နေသည် ။ ဟော့ကောင်တွေ ငါ့မိန်းမကို လွှတ်လိုက်စမ်း" ကျန်းကွေ့လေသံ မာမာဖြင့် အော်ပြောလိုက်သည် ။

မင်းမိန်းမကို လွှတ်ပေးစေချင်ရင် မင်းပိုင်ဆိုင်ထားတဲ့ ပစ္စည်းတွေ ဘယ်မှာ ထားလဲ ပြောလိုက်ပေ့ါကွာ။

"မင်းမပြောလို့ ကတော့ မင်းမိန်းမကော ဗိုက်ထဲက ကလေးပါ အသက်ရှင်ဖို့ တာဝန်မယူဘူးနော်"

"ကျန်းကွေ့ ခေါင်းငိုက်စိုက်ဖြစ်ကာ ငြိမ်သွားသည် " အစ်ကိုပြောလိုက်ပါ အစ်ကိုရယ် ပစ္စည်းဆိုတာ အသက်ရှင်နေသရွေ့ ပြန်ရှာလို့ ရပါတယ်။ ဇနီးဖြစ်သူက ဝင်ပြောလေသည် ။

"ကျန်းကွေ့ ဆတ်ခနဲ ခေါင်းမော့လာသည် ။ မပြောနိုင်ဘူးကွ"

အဲ့ပစ္စည်း တစ်ခုတည်းကို ဒီကောင်တွေ လိုချင်တာ မဟုတ်ဘူး ။ ကိုယ့်ကို ခွင့်လွှတ်ပါကွာ။

ကွေ့ချန်း စကားကြောင့် ဇနီးဖြစ်သူ မျက်လုံးများ ပြူးသွားသည် ။

ရှင်က ကျွန်မနဲ့ ဗိုက်ထဲက ကလေးကိုပါ သေစေချင်နေတာလား။

ကျန်းကွေ့ နှုတ်ပိတ် နေလိုက်သည် ။

ခင်ဗျားက မပြောတော့လည်း ကျုပ်တို့ အလွန် မပြောနဲ့ ။

"ဝှီး"

"ခွက်"

"အား"

ကျန်းကွေ့၏ ဇနီးထံမှ အော်ဟစ်သံနှင့် အတူ လဲကျသွားတော့သည် ။

ကျန်းကွေ့ သူ့မိန်းမအဖြစ်ကို ကြည့်ကာ ဒေါသဖြစ်ခြင်း ယူကျုံးမရခြင်းတို့ တစ်ပြိုင်နက် ခံစားလိုက်ရသည် ။

"ယား"

"အီး"

ကျန်းကွေ့ သူ့လျှာသူ ကိုက်လိုက်ကာ သူ့ကိုယ်သူ အဆုံးစီရင် လိုက်တော့သည် ။

"ဟာ" သေကုန်ပြီ ကျုပ်တို့ ဘာဆက်လုပ်မလဲ။ အနီရောင်ဝတ်စုံ အနီရောင် မျက်နှာဖုံးနှင့် လူသည် အဖြူရောင် မျက်နှာဖုံးနှင့် လူအား မေးလိုက်သည် ။

ဘာလုပ်ရမလဲကွ ကိုယ့်ဘာသာ လိုက်ရှာကြတာပေါ့ "ဟေ့ကောင်တွေ တစ်အိမ်လုံး လိုက်ရှာကြစမ်း" အဖြူရောင်နှင့် လူ အမိန့်ပေးလိုက်သည် ။

"ဝုန်း"

"ဖျောင်း"

"အား"

"အမလေး"

အော်ဟစ်သံနှင့် အတူ ပစ္စည်းရှာရန် အခန်းထဲမှ ထွက်သွားသော အနက်ရောင် လူသုံးယောက်သည် အခန်းထဲသို့ နောက်ပြန် လွင့်စဉ်ကာ အခန်းထဲသို့ ပြန်ဝင်လာသည် အသက်ပင် မရှိတော့ချေ။

"ဘယ်ကောင်လဲကွ" အဖြူရောင်ဝတ်စုံနှင့် လူ ဒေါသတကြီး မေးလိုက်သည် ။

ထိုအခါ အခန်းဝသို့ အနက်ရောင်ဝတ်စုံနှင့် လူတစ်ယောက်သည် လက်ထဲ၌ ဓားတစ်လက်ကိုင်ကာ ဝင်လာသည် ကို တွေ့ရသည် ။ မင်းက

ငါတို့ ဖွဲ့ကလူ မဟုတ်ဘူး လား။ အဖြူရောင် ဝတ်စုံနှင့် လူမှာ ခေါင်းဆောင် ဖြစ်သောကြောင့် သူကပင် စကားပြောနေခြင်း ဖြစ်သည် ။

အမေးခံရသော အနက်ရောင်လူသည် အခန်းထဲ၌ သွေးအိုင်ထဲ လဲကျသေဆုံးနေသော ဗိုက်ကြီးသည် အား ကြည့်နေသည် ။ အဖြူရောင်နှင့် လူ ပြောသည် ကို ဂရုမစိုက်ပေ။ ဟိုဗိုက်ကြီးသည် မိန်းကလေးကို ဘယ်သူ သတ်လိုက်တာလဲ။

အနက်ရောင်နှင့် လူက အဖြူရောင်နှင့် လူ မေးသည် ကိုမဖြေပဲ သူကပဲ မေးလိုက်သည် ။

ငါသတ်လိုက်တာ မင်းက ဘယ်သူလဲ။ ဘာဖြစ်ချင်တာလဲ။ အဖြူရောင်နှင့် လူမေးရာ။

အနက်ရောင်နှင့် လူ၏ နှုတ်မှ စကားသံတချို့ ထွက်လာသည် ။

လောကမှာ အသက်ရှင်သင့်တဲ့ လူ ရှိသလို အသက် မရှင်သင့်တဲ့ လူ ရှိတယ်။ သိုင်းလောကနဲ့ ကြေးစား လောကမှာ လည်း ဒီအတိုင်းပဲ။ သြော် မင်းကငါ့ကို သတ်မယ်ဆိုတဲ့ သဘောလား "ဟား ... ဟား" တယ်အပြောကြီးပါလား။ အဖြူရောင်ဝတ်စုံနှင့် လူ ရယ်ရင်း ပြောလိုက်စဉ် ...

"ဝှစ်"

"ဝှစ်"

"ထန်"

"ထန်"

"ချွမ်"

"ချွမ်"

အပေါက်ဝ၌ ရပ်နေသော အနက်ရောင်လူသည် လျှပ်တစ်ပြက်ဆိုသလို အဖြူရောင် ဝတ်စုံနှင့် လူထံ ပြေးဝင် တိုက်ခိုက်လိုက်သည် ။

ထိုအခါ အဖြူရောင်လူဘေး၌ ရပ်နေသော အနီရောင်လူနှင့် အနက်ရောင်လူက ရှေ့မှ ဟန့်တား တိုက်ခိုက် လိုက်ခြင်းကြောင့် အဖြူရောင် ဝတ်စုံနှင့် လူထံသို့ မရောက်တော့ပေ။

ခင်ဗျားတို့ နှစ်ယောက် ဘေးဖယ်နေလိုက်ရင် ကောင်းမယ်။ အနက်ရောင်လူက အနီရောင်နှင့် အနက်ရောင်လူတို့ အား ပြောလိုက်သည် ။

ငါတို့ ခေါင်းဆောင်ကို တိုက်ချင်ရင် ငါတို့ ကို အရင် ယှဉ်ရမယ်။

ခင်ဗျားတို့ ကျုပ်ကို တားနိုင်မယ် ထင်လား။ အနက်ရောင်လူသည် ပြောပြီးသည် နှင့် သူ့လက်ထဲရှိဓားကို နောက်ပြန်ကိုင်ကာ ကျော၌ ဖွက်ထားသည့် ဟန် ကိုင်ထားလိုက်သည် ။ ထိုအခါ သူ့ရင်ဘတ်က အကာအကွယ်မဲ့ ဟာကွက်ကြီး ဖြစ်နေသည် ။

အနီရောင်ဝတ်စုံနှင့် သူ ဘေးရှိ အနက်ရောင်လူ သဘောကျသွားကာ လက်နောက်ပစ် ရပ်နေသော အနက်ရောင်လူအား တိုက်ခိုက်လိုက်ကြတော့သည် ။

"ဝှစ် ... ဝှစ် ... ဝှစ်"

"ထန် ... ထန်"

"ဖွက်... ဖွက် ... အား ... အင့်"

အနီရောင်ဝတ်စုံလူနှင့် အနက်ရောင်လူ နှစ်ယောက်မှာ တစ်ချက်စီ အော်ညည်းကာ လဲကျငြိမ်သက် သွားတော့သည် ။

အဖြူရောင်ဝတ်စုံနှင့် လူ ကြက်သေ သေသွားတော့သည် ။ သူ့လူနှစ်ယောက်မှာ သိုင်းပညာ အဆင့်နိမ့်သူများ မဟုတ်ချေ။ သူနှင့် အတူ အပွဲပွဲနွှဲခဲ့ဖူးသည့် ထိပ်တန်း သိုင်းသမားများ ဖြစ်သည် ။ ယခု သူ့လူနှစ်ယောက်အား တိုက်ခိုက်သွားသည် မှာ အဘယ်သို့ တိုက်ခိုက်သွားသည် ကို သူသည် ဓားရောင်ရိပ်ခနဲသာ မြင်လိုက်ရခြင်းကြောင့် ဖြစ်သည် ။ အနက်ရောင်နှင့် လူသည် လက်ကို နောက်ပစ်သည့် အတိုင်းပင် အဖြူရောင်ဝတ်စုံနှင့် လူ ရှေ့သို့ တစ်လှမ်းချင်း လျှောက်လာသည် ။

အဖြူရောင်ဝတ်စုံနှင့် လူသည် ထိုလူ၏ ဟန်ပန်မှာ ဟာကွက်ရှိနေသည် က မှန်၏။ သို့သော် ယင်းဟာကွက်၏ နောက်မှ ဓားသည် အဘယ်နေရာမှ ထွက်ပေါ်လာမည်ကို မခန့်မှန်း နိုင်သောကြောင့် သူကျောထဲ စိမ့်ခနဲဖြစ်သွားသည် ။

မင်းဘယ်သူလဲ "မင်းသုံးလိုက်တာ ဘာသိုင်းကွက်လဲ" အဖြူရောင်ဝတ်စုံနှင့် လူ မေးလိုက်သည် ။

ကျုပ် ဘယ်သူလဲဆိုတာ သိချင်ရင် တမလွန်ရောက်မှ သေမင်းကို မေးကြည့်လိုက်။ အနက်ရောင်လူ၏ စကားက ရေခဲပမာ အေးစက်စက်ထွက်လာသည် ။

အဖြူရောင်ဝတ်စုံနှင့် လူက စောစောကသုံးတဲ့ မင်းဓားကွက်က တားမြစ်ဓားသိုင်းလား။

အနက်ရောင်လူသည် အဖြူဝတ်စုံနှင့် လူအား မျက်တောင်မခတ် ကြည့်ရင်း "သိပ်မှန်တာပေါ့ဗျာ။ နှစ်ပေါင်း နှစ်ဆယ်က ပျောက်ဆုံးနေတဲ့ တားမြစ်ဓားကျမ်း သိုင်းကိုပြောတာလား" ဒါလည်း ဟုတ်တာပဲ။ သိုင်းလောကဦးသျှောင် ရှောင်လင်ဂိုဏ်းကတောင် ဒီဓားသိုင်းကို ဘယ်သိုင်းသမားမှ မသုံးအောင် သေချာ သိမ်းခဲ့တာလေ။ သုံးတဲ့ လူကိုလည်း မရ

ရအောင် ဖမ်းပြီး အပြစ်ပေးတဲ့ သိုင်းလို့ ငါကြားဖူးတယ် မင်းက ဒီသိုင်းကို ဘယ်ကနေ တတ်လာတာလဲ။

ဒါ ကျုပ်ကိစ္စပါ။ ခင်ဗျားနဲ့ မဆိုင်ဘူး။ ဒီဓားသိုင်းကို ကျုပ်မသုံးချင်ပါဘူး "ဒါပေမဲ့ ဒီနေ့တော့ ခင်ဗျားတို့လိုလူအတွက် အသုံးချရပြီ။ အဖြူရောင်ဝတ်စုံနဲ့ လူ မျက်နှာဖုံး စွဲချွတ်လိုက်ရင်း ခြေလှမ်းများ မသိမသာ နောက်ဆုတ်သွားကာ နံရံနှင့် ကျောကပ်သွားမှ ရပ်သွားသည် ။

အဖြူရောင်ဝတ်စုံနှင့် လူ မျက်နှာဖုံး ချွတ်လိုက်သည် နှင့် အသက်လေးဆယ်ကျော် လူကြီးတစ်ယောက် ဖြစ်သည် ကို တွေ့ရသည် ။

"ငါ့အသက်ကို ချမ်းသာပေးပါကွာ" မင်းလိုချင်တဲ့ စည်းစိမ်တွေ ပေးပါမယ်။ အဖြူရောင် ဝတ်စုံနှင့် လူသည် ဓီးရွက်မျှရှိသော မျက်နှာငယ်လေးနှင့် ဒူးထောက် တောင်းပန်လေသည် ။

အနက်ရောင်လူက ခင်ဗျား သိပ်နောက်ကျသွားပြီဟု တစ်ခွန်းချင်း ပြောလိုက်သည် ။

ထိုအခါ အဖြူရောင် ဝတ်စုံနှင့် လူသည် ဒူးထောက်နေရာမှ ဖျတ်ခနဲ ခုန်ထလိုက်ရင်း အနက်ရောင် ဝတ်စုံနှင့် လူအား အငိုက်ဖမ်း တိုက်ခိုက်လိုက်သည် ။

သို့သော် အနက်ရောင်ဝတ်စုံနှင့် လူက သူ့ထက်မြန်သည် ။ အဖြူရောင်ဝတ်စုံနှင့် လူ ခုန်ထလိုက်စဉ်မှာ ပင် အနက်ရောင်လူ၏ လက်က လှုပ်ရှားသွားသည် ။

"ဝှစ်"

"အား"

အဖြူရောင် ဝတ်စုံနှင့် လူသည် ခုခံကာကွယ်ချိန်ပင် မရလိုက် အသံနက်ကြီးဖြင့် အော်ကာ မျက်လုံးအပြူးသားနှင့် အသက်ထွက် သွားတော့သည် ။

***